# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် နော်ဝေနိုင်ငံရေသုတေသနဌာန (Norwegian Institute for Water Research– NIVA) တို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် "ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း စီမံအုပ်ချုပ်မှုဆိုင်ရာ စီမံကိန်း Phase II" တွင် စီမံကိန်းညှိနှိုင်းရေးမှူး (Project Coordinator) (၁) ဦးနှင့် လက်ထောက်စီမံကိန်းညှိနှိုင်းရေးမှူး (Project Assistant) (၁) ဦး ခေါ်ယူခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ စီမံကိန်းကာလမှာ (၅) နှစ်ဖြစ်ပြီး စီမံကိန်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသည့် စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အသေးစိတ် အချက်အလက်များနှင့်အတူ **၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်နေ့** နောက်ဆုံးထား၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် (၅၃)၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

(က) **သက်မှတ်အရည်အချင်း (စီမံကိန်းညှိနှိုင်းရေးမှူး)**

(၁) Environmental Engineering or Environmental Management ဘွဲ့ရရှိသူ သို့မဟုတ် ပတ်ဝန်းကျင်နှင့်သက်ဆိုင်သော ဘာသာရပ်တစ်ခုခုတွင် သိပ္ပံဘွဲ့ သို့မဟုတ် မဟာသိပ္ပံဘွဲ့ ရရှိသူ ဖြစ်ရမည်။

(၂) သက်ဆိုင်ရာနယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။

(၃) မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများ/ အဖွဲ့အစည်းများနှင့်ဆက်စပ်သော ဗဟုသုတများ၊ အထူးသဖြင့် ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် စွန့်ပစ်ပစ္စည်းဆိုင်ရာစီမံခန့်ခွဲမှုတို့တွင် ဗဟုသုတများ ရှိသူ ဖြစ်ရမည်။

(၄) အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ကျွမ်းကျင်စွာ ရေးသား ပြောဆိုနိုင်သူ ဖြစ်ရမည်။

(၅) ကွန်ပျူတာ (Microsoft Word ၊ Microsoft Excel ၊ Power Point ၊ Photoshop) ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

(၆) ဆက်ဆံရေး ပြေပြစ်ကောင်းမွန်သူ ဖြစ်ရမည်။

(၇) မြန်မာ–နော်ဝေ အဖွဲ့အစည်းနှစ်ခုလုံးနှင့် Team Work လုပ်ကိုင်နိုင်စွမ်းရည်ရှိသူ ဖြစ်ရမည်။

(၈) အစိုးရဝန်ထမ်း မဟုတ်သူ ဖြစ်ရမည်။

(၉) ကျန်းမာရေး ကောင်းမွန်သူ ဖြစ်ရမည်။

(၁၀) ပြည်တွင်း ခရီးသွားလာနိုင်သူ ဖြစ်ရမည်။ လိုအပ်ပါက ပြည်ပ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။

( ခ ) **သက်မှတ်အရည်အချင်း (လက်ထောက်စီမံကိန်းညှိနှိုင်းရေးမှူး)**

(၁) ပတ်ဝန်းကျင်နှင့်သက်ဆိုင်သော ဘာသာရပ်တစ်ခုခုတွင် ဘွဲ့ရရှိသူ သို့မဟုတ် စာရင်းအင်း၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့်သက်ဆိုင်သော ဘာသာရပ်တစ်ခုခုတွင် ဘွဲ့ရရှိသူ ဖြစ်ရမည်။

(၂) သက်ဆိုင်ရာနယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။

(၃) စီမံကိန်းနှင့်သက်ဆိုင်သည့် ငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(၄) အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ကျွမ်းကျင်စွာ ရေးသားပြောဆိုနိုင်သူ ဖြစ်ရမည်။

(၅) ကွန်ပျူတာ (Microsoft Word ၊ Microsoft Excel ၊ Power Point) ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

(၆) ဆက်ဆံရေး ပြေပြစ်ကောင်းမွန်သူ ဖြစ်ရမည်။

(၇) မြန်မာ-နော်ဝေ အဖွဲ့အစည်းနှစ်ခုလုံးနှင့် Team Work လုပ်ကိုင်နိုင်စွမ်းရည်ရှိသူ ဖြစ်ရမည်။

(၈) အစိုးရဝန်ထမ်း မဟုတ်သူ ဖြစ်ရမည်။

(၉) ကျန်းမာရေး ကောင်းမွန်သူ ဖြစ်ရမည်။

(၁၀) ပြည်တွင်း ခရီးသွားလာနိုင်သူ ဖြစ်ရမည်။

( ဂ ) တာဝန်ထမ်းဆောင်ရမည့်နေရာ - ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် (၅၃) ၊နေပြည်တော်

(ဃ) တာဝန်ထမ်းဆောင်ရမည့်ကာလ - (၅) နှစ် (တစ်နှစ်ချင်း စာချုပ် ချုပ်ဆိုသွားမည်)

( င ) လစာ - ညှိနှိုင်းသွားမည်။

( စ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

**ဆက်သွယ်ရန်လိပ်စာ** – ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ် (၅၃)၊ နေပြည်တော်
ဖုန်း– ၀၆၇– ၄၃၁၃၂၁
E-mail– pcd.ecd.mm@gmail.com